There is a tide in the affairs of men, which, taken at the blood, leaders on to fortune; omitted, all the voyage of their life is bound in shallows and in miseries; and we must take the current when it serves, or lose our ventures.

***Shakespeare***

လူတို့၏ အရေးကိစ္စများတွင် ဒီရေအတက်အကျ ရှိ၏။ ဒီရေတက်ခိုက် ဆောင်ရွက်လိုက်ပါက စည်းစိမ်ကြွယ်ဝခြင်းဆီသို့ ဆိုက်ရောက်၍ မဆောင်ရွက်ပါမူ ထိုသူတို့၏ ဘဝခရီးမှာ ရေတိမ်တွင် သောင်တင်၍ ဆင်းရဲဒုက္ခတွေ့ကြုံရသည်မှာ အသေအချာ ဖြစ်သည်။ ရေစီးသာတုန်းမှာ ရေစီးနှင့်အတူ လိုက်ပါလုပ်ဆောင်ရမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ လုပ်ငန်းများ ဆုံးရှုံးရပေမည်။

***ရှိတ်စပီးယား***

## ယုံကြည်မှုနှင့် သန္နိဋ္ဌာန်

ယုံကြည်မှုဟူသည် ကြီးမားသောလုပ်ငန်းတိုင်း၏ အစခြေလှမ်းပင် ဖြစ်သည်။ ယုံကြည်မှုမရှိလျှင် မည်သည့်အရာမှ အကောင်အထည်ပေါ်မလာနိုင်ပါချေ။ ခရစ္စတိုဖာကိုလံဘတ်စ် အမေရိကတိုက်ကို တွေ့ရှိခဲ့သည်မှာ ဖြစ်နိုင်ချေရှိသော ထင်မြင်ချက်တစ်ခုပေါ်တွင် ယုံယုံကြည်ကြည် ဆောင်ရွက်ခဲ့သည့် ယုံကြည်မှုကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ယုံကြည်မှုဟူသည် အသီးဖြစ်လာမည့် အပွင့်နှင့် အလားသဏ္ဍာန် တူပါသည်။

သို့သော် ယုံကြည်မှုရှိရုံသက်သက်ဖြင့်တော့ အလုပ်မဖြစ်နိုင်ပါ။ မိမိယုံကြည်သည့်အတိုင်း ဖြစ်အောင် လုပ်မည်ဟု ပိုင်းဖြတ်ထားသော သန္နိဋ္ဌာန်ရှိရန် လိုအပ်ပါသေးသည်။ သန္နိဋ္ဌာန်မပါသော ယုံကြည်မှုသည် အတောင်မပါသောငှက်နှင့် တူပါသည်။ မြေပြင်ပေါ်မှာ ဟိုဟိုသည်သည် ခုန်ဆွခုန်ဆွဖြင့်သွားနိုင်အောင် မိုးကောင်းကင်ထက်ဝယ် ဝဲပျံနိုင်ခြင်း မရှိပါချေ။ ယုံကြည်သည့်အတိုင်း ဖြစ်အောင်လုပ်မည်ဟု သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်ပါသည်။